# စုရဲ့တိုက်ပွဲ ပြည်သူ့အောင်ပွဲ

(ဒေါ်အောင်ဆန်းစုကြည်ရဲ့ ၆၄–မွေးနေ့သို့)



နှလုံးသားကိုစတေး
သင်တုန်းဓါးလိုပါးပါးလေးသွေးတဲ့
အာဇာနည်သွေး အောင်ဆန်းသွေး
ပြည်မြန်မာမွေး နာမည်မွေး။

(၁) ရိုးသား (၂) ကြိုးစား (၃) မေတ္တာပွား
(၄) စိတ်ထားသိမ်မွေ့ (၅) ထောင်လွှားမှုမေ့
(၆) လက်တွေ့မွေးမှု သန့်အောင်ပြု
(၇) အများစုအရေး ဦးစားပေး
(၈) အရေးမပါ ဘေးဖယ်ရှာ
(၉) အမှုရာယဉ်ကျေး (၁၀) မြော်မြင်တွေး
(၁၁) သဘောထားလေး မသေးဖို့ရာ
(၁၂) မကောင်းတာမှန်သမျှ ရှောင်ရှားကြ
(၁၃) လော ဘ သွေမကွာ ပစ်ပယ်ခွာ
(၁၄) ဝေဖန်လာက လက်ခံရ
(၁၅) ဒွိဟ နှစ်ထွေ မတွေဝေ
(၁၆) ကိုယ်နေစိတ်ထား ပိပိပြား။

၁၆ ချက်ပါ အကြောင်းရာ
ပြည့်လာသူအား ခေါင်းဆောင်ထား
တိုင်းပြည်ဝင့်ဝင့်ကြွား။

၁၆ ချက်ပါအကြောင်းရာ
ပြည့်စုံသူဟာ ဒေါ်စုပါ
ဒေါ်စုစိတ်ဓါတ် အလွန်မြင့်မြတ်
လွတ်လပ်တဲ့မြန်မာ ဖြစ်ဖို့ရာ
အရာရာကိုစွန့် နောက်မတွန့်
ရှုပ်ချုံတိုက်ခိုက် ခေါင်းမငိုက်

မှောင်မိုက်တဲ့စစ်အမှောင်
ကွယ်ပျောက်အောင်
အလင်းဆောင်ကြည်း အမှောင်ခွင်း
ပြောင်လင်းတဲ့ ဒီမိုကရေစီ စခန်း
အစဉ်ကြိုးပန်း
အသွင်ဖြိုးလန်းတဲ့ စုရဲ့ဂုဏ်
ကမ္ဘာမြေဝသုဉ် သိမ့်သိမ့်တုန်။

ပြည်သူ့ကိုယ်စား အပိုမကြွားဘဲ
ဖွဲ့အားနဲ့တိုက်နေတဲ့
ဒေါ်စုရဲ့တော်လှန်ရေးတိုက်ပွဲဟာ
အရှောင်မမွဲဘဲ
အောင်ပွဲခံရပါစေသောဝ်။

ကိုကိုအောင်(ဆန်ဖရန်စစ္စကို)
မေ ၃၁ ၂၀၀၉